# ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင်( ၁၈-၄-၂၀၂၃ မှ ၂၁-၄-၂၀၂၃ ) အတွင်းဖြစ်ပေါ်ခဲ့သော ကုန်စည်ဈေးနှုန်းများ

## အာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် အာလူး (တစ်ပိဿာ) ဈေးနှုန်း များမှာ အောင်ပန်းA1 ကျပ် ၁၄၅၀၊ အောင်ပန်း OK ကျပ် ၁၆၅၀၊ အောင်ပန်း S1 ကျပ် ၁၈၀၀၊ အောင်ပန်း S2 ကျပ် ၁၈၀၀ နှင့် အောင်ပန်း S3 ကျပ် ၁၃၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အာလူးဈေးများ ငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ အာလူးကားစီးရေ ၆၀ စီး (၃၆၀၀၀၀ ပိဿာ) ဝင်ရောက် ခဲ့ပြီး ယခုအပတ်တွင် အာလူးကားစီးရေ ၄၃ စီး( ၂၅၈၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၁၇ စီး ( ၁၀၂၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

## ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ မင်းဘူးမြို့ နှင့် ဆိပ်ဖြူမြို့ တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင် ရောက်လျက်ရှိရာ ကြက်သွန်နီ(တစ်ပိဿာ) ဈေးနှုန်းများမှာ မင်းဘူးရှယ်(သစ်) ကျပ် ၁၁၀၀ ၊ မင်းဘူးလတ်ကြီး ကျပ် ၁၁၅၀ ၊ မင်းဘူးလတ်သန့် ကျပ် ၁၂၂၅ ၊ မင်းဘူးလတ်ချော ကျပ် ၁၀၇၅ ၊ ဆိပ်ဖြူရှယ်(သစ်) ကျပ် ၁၁၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၂၀၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၃၀၀ နှင့် ဆိပ်ဖြူလတ်ချော ကျပ် ၁၀၇၅ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မင်းဘူးရှယ်(သစ်) ကျပ် ၁၅၀ ၊ မင်းဘူးလတ်ကြီး ကျပ် ၂၀၀ ၊ မင်းဘူးလတ်သန့် ကျပ် ၁၇၅ ၊ မင်းဘူးလတ်ချော ကျပ် ၁၂၅၊ ဆိပ်ဖြူရှယ် (သစ်) ကျပ် ၁၅၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၀၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၅၀ နှင့် ဆိပ်ဖြူလတ်ချော ကျပ် ၁၂၅ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၂၂၁ (၁၃၂၆၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၉၅ စီး (၅၇၀၀၀၀ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီကားစီးရေ ၁၂၆ စီး( ၇၅၆၀၀၀ ပိဿာ ) လျော့နည်းဝင်ရောက်ခဲ့ ကြောင်း သိရသည်။

## ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက် လျက်ရှိရာ ကြက်သွန်ဖြူ(တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၅၀၀၀၊ အောင်ပန်းထူး-၂ ကျပ် ၃၂၀၀၊ အောင်ပန်းထူး-၃ ကျပ် ၃၇၀၀၊ အောင်ပန်း ထူး-၄ ကျပ် ၃၉၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၄၁၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၃၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများမှာဈေးငြိမ်လျက်ရှိသည်။ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူ အိတ် ၄၃၀၀ ( ၁၂၉၀၀၀ ပိဿာ )ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၃၂၀၀( ၉၆၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၁၁၀၀ ( ၃၃၀၀၀ ပိဿာ ) လျော့နည်းဝင် ရောက်ခဲ့ကြောင်း သိရသည် ။

SWTun (Domestic(Ygn) MITC